Message Five

# အသီးသီးခြင်း - အမြင့်ဆုံးသောအဆင့်အနေအထားတွင် ဧဝံဂေလိတရား ဟောပြောခြင်း

ဖတ်ရန်ကျမ်း။ ။ ယော၊၁၅း၁-၈၊ ၁၆

**I. ကျွန်ုပ်တို့၏ ဧဝံဂေလိဟောပြောခြင်းသည် အမြင့်ဆုံး အဆင့်တွင် ရှိရမည်၊ ယင်းမှာ လူထံသို့ ခရစ်တော်၊ အသက်ကို အမှုဆောင်ခြင်းဖြစ်သည် - ယော၊၁၀း၁၀ခ။ ဓမ္မသီချင်း၊ E#၉၂၂။**

A. အသီးသီးခြင်းသည် ယောဟန် ၁၅ ၏ အလယ်ဗဟို စဉ်းစားခြင်းဖြစ်သည်။

1. ခရစ်ယာန်များစွာတို့က ယောဟန် ၁၅း၁-၈ နှင့် ၁၆ တို့သည် သခင်ဘုရား၌ တည်နေခြင်းနှင့် ပတ်သက်သော သွန်သင်ချက်ဖြစ်သည်ဟု ယူဆကြသည်။ ယင်းသည် မှန်သော်လည်း လုံးလုံး မှန်နေခြင်းမဟုတ်ပါ။

2. ကျွန်ုပ်တို့သည် ဤကျမ်းပိုဒ်ကို ဂရုတစိုက်ဖတ်ရှုမည်ဆိုပါက အလေးထားခြင်း၊ အဓိက စဉ်းစားခြင်းမှာ တည်နေခြင်းအပေါ်၌သာမဟုတ်ဘဲ အသီးသီးခြင်းအပေါ် ဖြစ်ကြောင်း တွေ့ရှိရလိမ့်မည်။ တည်နေခြင်းသည် အဓိကမဟုတ်ဘဲ၊ အသီးသီးခြင်းသည် အဓိကဖြစ်သည်။

B. ယောဟန်ဧဝံဂေလိစာစောင်၌ရှိသော အသီးသည် ယုံကြည်သူအသစ်များကို ရည်ညွှန်းသည် - အငယ်၊၁၆။

1. ဂလာတိ ၅း၂၂ က ဝိညာဉ်တော်၏အသီးကို ပြောဆိုထားပြီး၊ ယင်းသည် ကျွန်ုပ်တို့အတွင်းရှိ ခရစ်တော်အသက်၏ ထင်ရှားခြင်းဖြစ်ပြီး၊ အတွင်းအသက်၏ထင်ရှားသော အသက်ရှင်ခြင်းမျိုးဖြစ်သည်။

2. မည်သို့ပင်ဆိုစေ ယောဟန် ၁၅ ၌ရှိသော အသီးသည် ယုံကြည်သူအသစ်များ၊ ပြောင်းလဲလာသူအသစ်များကို ရည်ညွှန်းပါသည်။

   a. ဤအရာကို အငယ် ၁၆ အားဖြင့် သက်သေပြထားသည်၊ ၎င်းက ကျွန်ုပ်တို့သည် "သွား၍" အသီးကိုသီးရမည့်အကြောင်း ပြောဆိုထားသည်။

   b. ဂလာတိ ၅ ၌ ဖော်ပြထားသော ဝိညာဉ်တော်၏အသီးကို သီးရန်အတွက် သွားစရာမလိုသော်လည်း၊ ယောဟန် ၁၅ ၌ ဖော်ပြထားသော အသီးကို သီးရန်မှာ သွားရန် လိုအပ်ပါသည်။

3. ယောဟန် ၁၅း၈ ၌ ဘုန်းထင်ရှားခြင်းသည် အသီးသီးခြင်း၌ဖြစ်ကြောင်း ကျွန်ုပ်တို့ မြင်ရသည်။

   a. စပျစ်နွယ်ပင်၏ အကိုင်းအခက်များနှင့် ဤအသီးသီးခြင်းသည် ခမည်းတော်၏ဘုန်းထင်ရှားခြင်းဖြစ်သည်၊ ကျွန်ုပ်တို့ အသီးသီးလေလေ၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ခရစ်ယာန်အလုပ်၌ ဘုန်းထင်ရှားလေလေဖြစ်သည်။

   b. ခမည်းတော်သည် ကောင်းသောအရာများကိုသာ လုပ်ဆောင်ခြင်း သို့မဟုတ် ခရစ်ယာန် ကျင့်ဝတ်တာဝန်များ၌ ကိုယ်တော်ကို ထင်ရှားရန် ကျွန်ုပ်တို့အား အလိုမရှိပါ။ စပျစ်နွယ်ပင်၏အသီးသီးခြင်း၌ တိုးပွားခြင်းနှင့် ကြီးမားကျယ်ပြန့်ခြင်း၌ ကိုယ်တော်ကို ထင်ရှားရန် ကျွန်ုပ်တို့အား အလိုရှိသည်။

C. အသီးသီးခြင်းသည် ဟောပြောခြင်း သို့မဟုတ် သွန်သင်ခြင်း၏ အကြောင်းအရာမျှသာ မဟုတ်ပါ။ ၎င်းသည် အခြားသူများထံ အသက်ကို ထည့်သွင်းပေးခြင်း၏အကြောင်းအရာဖြစ်သည်။

1. ဧဝံဂေလိဟောပြောရန် သွားခြင်းနှင့် အသီးသီးရန် သွားခြင်းအကြားတွင် ကွဲပြားခြားနားမှုရှိသည်။

   a. ပထမ ဧဝံဂေလိစာစောင်သုံးစောင်၏ အဆုံးတွင် ဧဝံဂေလိဟောပြောရန် သွားခြင်း ပတ်သက်သော နှုတ်ကပတ်တော်ရှိသည်။ ဟောပြောရန် သွားခြင်းသည် အလုပ်တစ်ခုဖြစ်သည် - မ၊၂၈း၁၉။ မာ၊၁၆း၁၅။ လု၊၂၄း၄၇။

   b. သို့သော် ယောဟန်ဧဝံဂေလိစာစောင်၏အဆုံးတွင် ထိုကဲ့သို့သော နှုတ်ကပတ်တော်မရှိပါ။ ယင်းမှာ ယောဟန်၌ ဧဝံဂေလိဟောပြောခြင်း၏ အယူအဆမရှိသောကြောင့် မဟုတ်ဘဲ၊ ယောဟန်၌ရှိသော ဟောပြောခြင်းမှာ အလုပ်တစ်ခုမျှသာမဟုတ်ဘဲ အသက်၏စီးထွက်ခြင်း၊ အတွင်းအသက်၏ အလုပ်ဖြစ်သောကြောင့် ဖြစ်သည် - ယော၊၁၅း၁-၈၊ ၁၆။ ညွှန်း၊ ၇း၃၇-၃၉။ ဓမ္မသီချင်း၊ E#၉၁၀။

2. ဧဝံဂေလိတရား၏သင့်လျော်မှန်ကန်သော၊ စစ်မှန်သော တိုးပွားပျံ့နှံ့ခြင်းရှိရန် ကျွန်ုပ်တို့သည် အတွင်းအသက်၏ စီးထွက်ခြင်းရှိရမည်ဖြစ်သည် - ၁၅း၄-၅။ ဓမ္မသီချင်း၊ E#၉၂၅။

3. ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်၌ မှန်ကန်စွာ တည်နေမည်ဆိုပါက၊ စပျစ်နွယ်ပင်၏အသက်သည် ကျွန်ုပ်တို့ကို ဖြည့်ပေးလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့ကို ဖြည့်ပေးသော အသက်သည် အခြားသူများထံသို့ လျှံထွက်စီးဆင်းလိမ့်မည် ဖြစ်သည်။ ဤသည်မှာ အသီးသီးခြင်းဖြစ်ပြီး၊ ဤသည်မှာ ဧဝံဂေလိတရားကို စစ်မှန်သော၊ သင့်လျော်မှန်ကန်သော ဟောပြောခြင်း ဖြစ်သည် - ယော၁၅း၄-၆။
   a. သခင်ဘုရား၌ တည်ခြင်းဟူသည်မှာ ကျွန်ုပ်တို့နှင့် ကိုယ်တော်အကြားတွင် သီးခြားဖြစ်နေခြင်း သို့မဟုတ် အလှမ်းကွာဝေးခြင်းမရှိကြောင်း ဆိုလိုသည်။ ကျွန်ုပ်တို့နှင့် သခင်ဘုရားအကြားတွင် ဘာမျှမရှိပါ - အငယ်၄-၅။ ဓမ္မသီချင်း၊ E#၃၇၂၊ E#၃၇၃၊ ၂၉။
   b. ဧဝံဂေလိဟောပြောနိုင်သော်လည်း ခရစ်တော်ထံမှ သီးခြားဖြစ်နေဆဲ ဖြစ်နိုင်သည်။ သို့သော် အတွင်းအသက်၏ လျှံထွက်စီးဆင်းခြင်းရှိရန် ကျွန်ုပ်တို့သည် သခင်ဘုရား၌ တည်နေရမည်။ အနုတ်လက္ခဏာဆောင်သော စဉ်းစားခြင်းသည်ပင် အသက်၏စီးဆင်းခြင်းမှ ကျွန်ုပ်တို့ကို တားဆီးစေနိုင်သည်။
   c. ကျွန်ုပ်တို့သည် လူများနှင့် ထိတွေ့ဆက်ဆံသောအခါတွင် သခင်ဘုရား၌ တည်နေသည်ဟူသော နက်ရှိုင်းသောခံစားမှုနှင့် သိရှိနားလည်ခြင်းအပြည့်အဝ ရှိရမည်။
   d. ကျွန်ုပ်တို့သည် သခင်ဘုရား၌ တည်သောအခါတွင် ကိုယ်တော်သည် ကျွန်ုပ်တို့၏ပြောဆိုခြင်း၌ ပြောဆိုပြီး၊ ကျွန်ုပ်တို့၏ပြောဆိုခြင်းသည် ကိုယ်တော်၏ပြောဆိုခြင်းဖြစ်သည်။ ဤသည်မှာ အသက်ကို ထည့်သွင်းပေးခြင်း၊ အတွင်းမှ အသက်၏လျှံထွက်စီးဆင်းခြင်း ဖြစ်သည်။
   e. ကျွန်ုပ်တို့အားလုံးသည် လူထံသို့ သွားရောက်တွေ့ဆုံရပါမည်။ ကျွန်ုပ်တို့၌ အသက်၏လျှံထွက်စီးဆင်းခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ လူများနှင့် ထိတွေ့ဆက်ဆံရပါမည်။ ကျွန်ုပ်တို့သည် လူများနှင့် သွားရောက်တွေ့ဆုံခြင်းမရှိပါက၊ ကျွန်ုပ်တို့ မည်သည့်နေရာတွင် ရောက်ရှိနေသည်ကို သိရှိနိုင်မည် မဟုတ်ပါ။

**II. အသီးသီးခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့လိုအပ်သော အရေးကြီးအရာမှာ အယူအဆကို ပြောင်းလဲခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဟောပြောခြင်းမှ အသီးသီးခြင်းသို့ ကျွန်ုပ်တို့၏အယူအဆကို ပြောင်းလဲရန် လိုအပ်ပါသည်-အငယ်၊ ၁-၈၊ ၁၆။**

A. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အယူအဆဟောင်း - ကြီးမားသောတန်းခိုး၊ ကြီးမားသောလှုပ်ရှားမှု၊ ကြီးမားသော စည်းရုံးလှုပ်ရှားမှုနှင့် ကြီးမြတ်သော စကားပြောသူကို မျှော်လင့်ခြင်း- ကို စွန့်လွှတ်ရန် လိုအပ်ပါသည်။
   1. ပုံမှန်နည်းလမ်းမှာ စပါးစေ့တစ်စေ့သည် မြေသို့ ကျ၍ သေပြီး၊ အသီးသီးရန် ကြီးထွားလာခြင်းနှင့် အသီးကို ထုတ်လုပ်ရန် အကိုင်းအခက်များသည် စပျစ်နွယ်ပင်၌ တည်ခြင်းဖြစ်သည် - ၁၂း၂၄။ ၁၅း၄-၅။
   2. ကျွန်ုပ်တို့သည် နည်းလမ်းဟောင်းများအားဖြင့် သွေးဆောင်ခြင်းမခံသင့်ပါ၊ ထိုအစား ကျွန်ုပ်တို့အလယ်ရှိ အယောက်စီတိုင်းသည် အသီးသီးသော အကိုင်းအခက်ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။
   3. ကျွန်ုပ်တို့သည် ဟောပြောခြင်းအလုပ်၌ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို မထားရှိသင့်ပါ၊ ထိုအစား ကျွန်ုပ်တို့သည် အသီးသီးခြင်းကို အလေးထားရမည်။

B. အသီးသီးခြင်းသည် မှိုကဲ့သို့ နေ့ချင်းညချင်း ဖွံ့ဖြိုးတိုးတက်မှုမဟုတ်ဘဲ၊ အသက်၏ဖြည်းဖြည်းချင်း ဖြစ်ပေါ်သော လုပ်ငန်းစဉ်ဖြစ်သည်။
   1. ကျွန်ုပ်တို့သည် ဧဝံဂေလိဟောပြောခြင်းအကြောင်းကို စိတ်မဝင်စားပါက၊ ၎င်းကို လုံးဝ ဂရုမစိုက်ပါနှင့်။ သို့သော် ကျွန်ုပ်တို့သည် နှိုးဆော်ခြင်းခံရပြီး စိတ်အားထက်သန်သောအခါ၊ အချိန်တိုအတွင်း ကျွန်ုပ်တို့သည် များစွာသောသူတို့ကို သခင်ဘုရားထံသို့ ခေါ်ဆောင်လာနိုင်မည်ဟု စဉ်းစားမိပါသည်၊ အကယ်၍ အချိန်အတော်ကြာပြီးနောက် ကျွန်ုပ်တို့က သခင်ဘုရားထံသို့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မခေါ်ဆောင်နိုင်ပါက စိတ်ပျက်အားငယ်ရပါသည်။ သို့သော် အသီးသည် တစ်ညတည်းနှင့် သီးလာမည်မဟုတ်ပါ၊ ၎င်းသည် အချိန်ယူရပါသည်။
   2. အသက်၏လျှံထွက်စီးဆင်းခြင်းမှတစ်ဆင့် အသီးသီးခြင်းဖြစ်သော ဧဝံဂေလိဟောပြောခြင်းသည် မှိုကဲ့သို့ နေ့ချင်းည ချင်း ဖွံ့ဖြိုးတိုးတက်မှုမဖြစ်နိုင်ပါ၊ ထိုအစား ၎င်းသည် အသက်၏ဖြည်းဖြည်းချင်းဖြစ်ပေါ်သော လုပ်ငန်းစဉ်၏ရလဒ် ဖြစ်သည်။
   3. အသီးသီးသော သစ်ပင်အများစုသည် သဘာဝနိယာမအတိုင်း တစ်နှစ်လျှင်တစ်ကြိမ် အသီးသီးကြသည်။ ကျွန်ုပ်တို့အား

လုံးသည်လည်း “သခင်ဘုရား၊ ကျွန်ုပ် အိမ်မက်မမက်လိုတော့ပါ။ တစ်နှစ်လျှင်တစ်ကြိမ် အသီးသီးနိုင်ရန် အသက်၏လျှံထွက်စီးဆင်းမှုကို ကျွန်ုပ်အား ပေးသနားတော်မူပါ” ဟူ၍ ပြောဆိုခြင်းဖြင့် သခင်ဘုရားနှင့် သဘောတူညီမှုရယူကြရမည်။

**III. ကျွန်ုပ်တို့သည် အသီးသီးသော အသက်တာကို အသက်ရှင်ရန် လိုအပ်ပါသည်-ယော၊၁၅း၁-၂၊ ၄-၅။**

A. ကျွန်ုပ်တို့သည် “ဝိညာဉ်ရေးရာရှိသော”၊ “သန့်ရှင်းသော” နှင့် “အောင်မြင်သော” သူများဖြစ်နိုင်သော်လည်း၊ အသီးမသီးနိုင်ကြပါ။ ထိုကဲ့သို့ ဝိညာဉ်ရေးရာရှိခြင်း၊ သန့်ရှင်းခြင်းနှင့် အောင်မြင်ခြင်းမျိုးတွင် ပြဿနာများ ရှိပါသည်။ သမ္မာကျမ်းအရ၊ ဝိညာဉ်ရေးရာရှိခြင်းသည် အသီးသီးခြင်းရည်ရွယ်ချက်အတွက် ဖြစ်သည် - အညွန်း၊ ဖိ၊၁း၁၉၀၂၁က၊ ၂၄-၂၅။

B. ယောဟန်ဧဝံဂေလိစာစောင်၌ သခင်ဘုရားသည် ဝိညာဉ်ရေးရာရှိခြင်း၊ သန့်ရှင်းခြင်းနှင့် အောင်မြင်ခြင်းရှိရန် ကျွန်ုပ်တို့အား မပြောဆိုထားပါ။ ထိုအစား ကိုယ်တော်က အသီးသီးရန်၊ များစွာသောအသီးကိုသီးရန်၊ တည်နေသောအသီးများဖြစ်ရန် ကျွန်ုပ်တို့အား မိန့်တော်မူထားသည်။ ဤသည်မှာ အသက်ကို အမှုဆောင်သော အသက်ရှင်ခြင်းဖြစ်သည် - ယော၊၁၅း၂၊ ၄-၅၊ ၁၆။

**IV. “အသင်းတော်တွင် ကျွန်ုပ်တို့၏အစေခံခြင်း၌ ကျွန်ုပ်တို့ အဓိကလုပ်ဆောင်သင့်သည့်အရာမှာ အသီးသီးခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အသီးသီးရန်အတွက် ဤနေရာတွင် ရှိနေခြင်းဖြစ်သည်၊ ယင်းမှာ ကျွန်ုပ်တို့သည် အသက်ကို လွတ်မြောက်စေခြင်း၊ အတွင်းအသက်ကို စီးထွက်စေခြင်းနှင့် အခြားသူများအထဲသို့ အသက်ကို ထည့်သွင်းပေးခြင်းအတွက် ဤနေရာတွင် ရှိကြသည်။ ဤသည်မှာ မြေကြီးပေါ်တွင် အသင်းတော်တည်ရှိရခြင်း၏ရည်ရွယ်ချက်ဖြစ်ပါသည်”—The Collected Works of Witness Lee, 1966, vol. 1, p. 263.**